## တစ်နေရာတည်းတွင်နေထိုင်သောလူစုအတွက် ဘုရားသခင်၏ရူပါရုံ - IDMM
GOD’S VISION FOR COMMUNITY – IDMM

**နေ့စွဲ-** ၁၈/၁၉ (တစ်နာရီ)

**<u>ရည်မှန်းချက်များ-</u>** ဤသင်ခန်းစာလုပ်ဆောင်ပြီးစီးသည့်နောက်တွင် ပါဝင်လုပ်ဆောင်သူများ (သင်တန်းသား၊သူ) သည်-

၁၊လူ့အသိုင်းအဝိုင်းတခုတွင် ခြားနားသောလိုအပ်ချက်များကိုနားလည် နိုင်လိမ့်မည်။

၂၊ သမ္မာကျမ်းစာ ၌ အခြေခံသော လူ့အသိုင်းအဝိုင်းနှင့် ဆိုင်ရာအကြောင်းအရင်းကို နားလည်နိုင်လိမ့်မည်။

**<u>သင်တန်းဆရာများအတွက် ခြုံငုံသုံးသပ်ခြင်း-</u>** ဤသင်ခန်းစာ၏ရည်ရွယ်ချက်မှာ ပါဝင်လုပ်ဆောင်သူ (သင်တန်းသား၊သူ) များအား လူ့အသိုင်းအဝိုင်းတွင်နေထိုင်သောလူစုသည် တူညီသောသဘာဝမြေမျက်နှာ အသွင်အပြင်တွင် အတူတကွနေထိုင်ကြသောသူများမဟုတ်ကြောင်းကို နားလည်သိရှိစေရန်ဖြစ်သည်။ သူတို့သည်စစ်မှန်သောလူ့အသိုင်းအဝိုင်းတစ်စုဖြစ်လာစေရန်အများနှင့်ဆိုင်သောအရာများကိုဆုပ်ကိုင်ကြသည်။ ထို့အပြင် IDMM လုပ်ကိုင်သူများအနေဖြင့် ကျွန်တော်တို့သည် သေးငယ်သော လူ့အသိုင်းအဝိုင်းကို အာရုံစူးစိုက်ရန် လိုအပ်သည်။

**<u>ပွဲဦးထွက်စတင်သူလှုပ်ရှားခြင်း (၁၀")</u>**

*တစ်ဖွဲ့တွင်ခြောက်ဦးခန့်ပါဝင်သော အဖွဲ့ငယ်များသို့ခွဲလိုက်ပါ။ အဖွဲ့တိုင်းမှတစ်ဦးစီကို "အပြင်ဘက်လူ" တစ်ဦးအဖြစ်ပြုလုပ်ပါ။ သူတို့သည် ကျေးရွာ ၌ နေထိုင်သော အသိုင်းအဝိုင်းတခုဖြစ်ပြီး၊ အပြင်ဘက်လူသည် သူတို့လူစုအထဲသို့ဝင်ရောက်လိုသည့်အကြောင်းကို အဖွဲ့တိုင်းအားပြောပါ။ တောလက်ကျေးရွာနေထိုင်သူများတုံ့ပြန်နိုင်သည်ဟု သူတို့ယူဆသကဲ့သို့ သူတို့သည်တုံ့ပြန်ရမည်။*

*ငါးမိနစ်ကြာပြီးနောက်တွင် အတူတကွပြန်လာပါ။ အပြင်ဘက်လူအားသူတို့လူစုထဲသို့ဝင်ရောက်ခွင့်ပြုခဲ့ သလား ဟု အဖွဲ့တိုင်းကိုမေးပါ။ အဘယ်ကြောင့်ခွင့်ပြုသနည်း သို့မဟုတ် အဘယ်ကြောင့်ခွင့်မပြုနိုင် သနည်း။ အပြင်ဘက်လူများအား သူတို့အဘယ်ကဲ့သို့ စိတ်ခံစားခဲ့သည်ကို မေးပါ။*

**သို့မဟုတ်**

**သရုပ်ဖော်ခြင်း-**

*အပြင်ဘက်လူတစ်ဦးသည် ထိုအသိုင်းအဝိုင်းထဲသို့ ဝင်ရောက်ရန်ကြိုးပမ်းသော်လည်း ထိုလူစု မှလူတို့အားဖြင့် ငြင်းပယ်ခြင်းကိုခံရခြင်းသရုပ်ဖော်မှုတစ်ခုကိုဖန်တီးပြီး အစပြုပါ။ အပြင်ဘက် လူသည် ထိုသူတို့နှင့် ခြားနားသောလူမျိုးနွယ်စုမှလာသောသူ၊ ဒေသခံစကားပြောဆိုခြင်းမရှိသူ၊ မြို့ အကြောင်းကိုပြောလိုသောသူနှင့် သူတို့ကအရေးမကြီးဟုယူဆသောအရာတစ်ခုခုကို ထိုလူ့အသိုင်းအဝိုင်းအား လုပ်ဆောင်စေလိုသူ ဟု ပြောကြလိမ့်မည်။*

**-------SH မေးခွန်းများ----------------**

S= သင်ဘာကိုမြင်သနည်း။

H= ဘာတွေ ဖြစ်ပျက်ခဲ့သနည်း။

## I. လူ့အသိုင်းအဝိုင်းကို နားလည်ခြင်း (၂၅”)

**ကၢ လူ့အသိုင်းအဝိုင်းအား ဖေါ်ပြသည့် အကြောင်းရင်းများမှာ အဘယ်အရာနည်း။**

*အဖွဲ့ကို အဖွဲ့ငယ်များအဖြစ်သို့ခွဲပါ။ လူ့အသိုင်းအဝိုင်းတစ်ခုကိုဖြစ်စေသော အကြောင်းအရင်းများကို သူတို့အားစာရင်းပြုစုစေပါ။ အစီရင်ခံစေပါ။*

*သူတို့ကို အဖွဲ့ငယ်များထံသို့မပြန်စေမီ အကြောင်းအရင်းများဥပမာတစ်ခု သို့မဟုတ် နှစ်ခုကို ပေးပါ သို့မဟုတ် မေးပါ။*

*သူတို့ပေးသောစာရင်းအားလုံးအား ပြန်လည်စစ်ဆေးကြည့်ရှုပါ။ အရေးပါသောအကြောင်းအရင်းများမှတစ်ခုစီတိုင်း ပိုင်ဆိုင်ရာသိမြင်ခံစားနိုင်သောအာရုံကို လေးနက်ထင်ရှားစေပါ။*

၁၊ တူညီသောသဘာဝမြေမျက်နှာအသွင်အပြင်တွင်နေထိုင်သည်။

၂၊ တစ်ဦးကိုတစ်ဦးမှီခိုအားထားသည်။

၃၊ အလုပ်များကိုအတူတကွလုပ်ဆောင်သည်။

၄၊ တူညီသောနောက်ခံသမိုင်းနှင့် အတွေ့အကြုံများတို့ကို ဝေမျှသည်။

၅၊ အများဆိုင်ရာကြောက်ရွံ့မှုများနှင့် ပါဝင်ပတ်သက်မှုများနှစ်ခုစလုံးကဲ့သို့ အများဆိုင်ရာပြဿနာများနှင့် လိုအပ်မှုများကို ဝေမျှသည်။

၆၊ တစ်ဦးကိုတစ်ဦးသြဇာလွှမ်းမိုးသည်။

၇၊ ပိုင်ဆိုင်ရာသိမြင်ခံစားနိုင်သောအာရုံ၊ လက္ခဏာနှင့် ချည်နှောင်ခြင်း ရှိသည်။ ဤအချက်သည် အရာအားလုံးကို အတူတကွဖြစ်စေရန် ချည်နှောင်သည်။

၈၊ တူညီသောခေါင်းဆောင်မှုကို အသိအမှတ်ပြုသည်။

၉၊ အများဆိုင်ရာ ဓလေ့ထုံးစံများ၊ ယဉ်ကျေးမှု၊ အလေ့အထများ၊ ပွဲလမ်းသဘင်များ၊ ယုံကြည်ချက်များ၊ တားမြစ်ချက်များနှင့် စည်းကမ်းများကို ဝေမျှခြင်း၊

၁၀၊ တစ်ဦးနှင့်တစ်ဦးဆက်သွယ်သည်။

၁၁၊ တူညီသောတစ်နေရာတည်းနေလူစုကဲ့သို့ သူတို့ကိုယ်သူတို့နှင့် တစ်ဦးကိုတစ်ဦးထပ်တူဖြစ်စေသည်။

၁၂၊ တူညီသောဘာသာစကားကို ပြောဆိုသည်။

၁၃၊ လူစုထဲတွင် လူမျိုးစုအသင်းအဖွဲ့၊ မိသားစုအဖွဲ့၊ အသက်၊ လိင်၊ ဘာသာရေးအဖွဲ့၊ အလုပ်အကိုင်၊ ပညာရေး စသည်...... ကဲ့သို့သောအဖွဲ့ငယ်များရှိနိုင်လိမ့်မည်။

၁၄၊ အများနှင့်ဆိုင်သောစီးပွါးရေးအရင်းအမြစ်များ၊

၁၅၊ တစ်ဦးကိုတစ်ဦးသိကြသည်။

**၆။ လူ့အသိုင်းအဝိုင်းတခုအဖြစ် သူတို့အား အဘယ်အရာက တညီတညွတ် တည်းဖြစ်စေသနည်း၊ ပြုလုပ်ပြောင်းလဲစေသနည်း။**

*စုပေါင်းအဖွဲ့ကြီးအား မေးပါ။*

အများနှင့်ဆိုင်သောကဏ္ဍများ များပြားလေလေ၊ လူ့အသိုင်းအဝိုင်း၏အဓိပ္ပါယ်ရှင်းလင်း မှုအား သာ၍သန်စွမ်းစေလေလေ ဖြစ်သည်။

**၇။ "လူ့အသိုင်းအဝိုင်း" ၏အနက်ကား အဘယ်နည်း။**

*စုပေါင်းအဖွဲ့ကြီးနှင့်အတူ ဝေမျှပါ။- အခြားသောဘာသာစကားများအတွက် ရွေးယူခွင့်ရှိစေပါ။*

လူ့အသိုင်းအဝိုင်း အား အများဆိုင်ရာနှင့် ညီညွတ်ခြင်းဟူသောစကားလုံးနှစ်လုံး ဖြင့် တီထွင်ဖန်တီးထားသည်ကို သတိပြုပါ။

*သင်ပုန်းပေါ်တွင်ရေးချပါ။*

တစ်ဦးကိုတစ်ဦးသိကြသောသူ၊ သဘာဝမြေမျက်နှာအသွင်အပြင်သက်ဆိုင်ခြင်းနှင့်ဆက်စပ်မှုတွင် နေထိုင်သူ၊ အရာအားလုံးအားအများနှင့်ဝေမျှသူ နှင့် ပိုင်ဆိုင်မှုရှိသည်သဘောကို နားလည်သော လူ တစ်ဖွဲ့။

**ဃ။ အနည်းငယ်စဉ်းစားပါ။**

*စုပေါင်းအဖွဲ့ကြီးနှင့်အတူ ဝေမျှပါ။*

လူ့အသိုင်းအဝိုင်းတခုအတွက် ပစ်မှတ်တစ်ခုသည် တစ်ဦးကိုတစ်ဦးသိကြခြင်းနှင့် တစ်ဦးကိုတစ်ဦးလွှမ်းမိုးခြင်းရှိသူ ဖြစ်သင့်သည်။ ထိုအသိုင်းအဝိုင်းအတွက် စံပြလူဦးရေမှာ ၅၀၀-၂၀၀၀ အကြားဖြစ်သည်။ နေအိမ် ၁၀၀ အသီးသီးအတွက် ၅-၁၀ သည် ရှာဖွေတွေ့ရှိသော သို့မဟုတ် ထိမ်းမြားလက်ထပ်၍ ဆွေမျိုးတော်ရခြင်း၊ ဇစ်မြစ်နီးစပ်ခြင်း အဖွဲ့များ အတွက် ချိန်ရွယ်သည်။

**င။ မြို့တစ်မြို့သည် လူ့အသိုင်းအဝိုင်းတခုဖြစ်သလား။ အဘယ်ကြောင့်ဖြစ် သနည်း၊ သို့မဟုတ် အဘယ်ကြောင့်မဖြစ်သနည်း။**

*စုပေါင်းအဖွဲ့ကြီးအား မေးပါ။*

၁။ ထိုနေရာဒေသတွင် အမြဲနေထိုင်မည်ဟု တဦးတယောက်မျှ မမြင်ပါ။ မစဉ်းစားပါ။

၂။ သူတို့သည် တိုင်းပြည်အတွင်းများစွာသောနေရာဒေသများမှရောက်လာသကဲ့သို့ သူတို့သည် အများနှင့်ဆိုင်သောအရာများတွင် အနည်းငယ်ကိုသာလက်စွဲကိုင်ထားသည်။

၃။ သူတို့သည် တစ်ဦးကိုတစ်ဦးမသိကြပါ။

၄။ သူတို့သည် လူ့အသိုင်းအဝိုင်းတခုသို့မဟုတ် ပိုင်ဆိုင်ရာအား အာရုံငါးပါးဖြင့် သိခြင်းမရှိပါ။

၅။ မြို့တွင်းတွင် လူ့အသိုင်းအဝိုင်းအဖွဲ့ငယ်များများစွာရှိလိမ့်မည်။ သို့သော်လည်း ထိုအရာသည် စဉ်းစားဖွယ်ရာဖြစ်သည်။

*စုပေါင်းအဖွဲ့ကြီးနှင့်အတူ ဝေမျှပါ။*

ပြည့်စုံသောတပည့်တော်ဖြစ်စေခြင်းလှုပ်ရှားမှု(IDMM) သည် မြို့ထဲတွင်သာ၍ခက်ခဲမှုရှိလိမ့်မည်။ အဘယ်ကြောင့်ဆိုသော် မြို့ထဲတွင် ပိုင်ဆိုင်ရာအားအာရုံငါးပါးဖြင့်သိခြင်းသည်နည်းသောကြောင့် ဖြစ်သည်။ ထို့ကြောင့် မြို့ထဲတွင်ချဉ်းကပ်ခြင်းသည် လူမှုကွန်ယက်များကို ချဲ့ထွင်ရန်ဖြစ်သည်။ ထိမ်းမြားလက်ထပ်၍ဆွေမျိုးတော်ရခြင်း၊ ဇစ်မြစ်နီးစပ်ခြင်းအဖွဲ့များသည် ထိုနေရာတွင်ပိုင်ဆိုင်ရာ အား အာရုံငါးပါးဖြင့်သိခြင်း ရှိသည်။

**စ၊ <u>မြို့ထဲတွင် တွေ့ရှိနိုင်သော ထိမ်းမြားလက်ထပ်၍ဆွေမျိုးတော်ရခြင်း၊ ဇစ်မြစ်နီးစပ်ခြင်း အဖွဲ့များ၏ပုံဥပမာများမှာ အဘယ်နည်း။</u>**

ဝေမျှရန်- ထိမ်းမြားလက်ထပ်၍ဆွေမျိုးတော်ရခြင်း၊ ဇစ်မြစ်နီးစပ်ခြင်းအဖွဲ့သည် စိတ်ဝင်စားမှု သို့မဟုတ် ရည်ရွယ်ချက်တို့ကိုအများဆိုင်ရာအနေဖြင့်ချိတ်ဆက်ထားသော လူအစုအဖွဲ့တစ်ဖွဲ့ဖြစ် သည်။
*စုပေါင်းအဖွဲ့အားမေးမြန်းပြီး သင်ပုန်းပေါ်တွင်ရေးပါ။*

ပုံဥပမာများမှာ-
၁၊ ကုန်ကျစရိတ်သက်သာစေသောအဖွဲ့များ- မိမိကိုယ်ကိုမိမိအချင်းချင်းကူညီသောအဖွဲ့များ
၂၊ မိခင်များကလပ်
၃၊ အားကစားများကလပ်
၄၊ အချုပ်အလုပ်အဖွဲ့
၅၊ မိသားစု မျိုးနွယ်စု
၆၊ စာလေ့လာသည့်ကျောင်းသားအဖွဲ့
၇၊ အလုပ်အကိုင်၊ အသက်မွေးဝမ်းကျောင်းမှုပညာနှင့်ဆိုင်သော အဖွဲ့များ
၈၊ စာအုပ်အရောင်းအဝယ်အဖွဲ့များ

မြို့ထဲတွင် အဘယ်အဖွဲ့များကို ဖွဲ့စည်းနိုင်လိမ့်မည်နည်း။ (သင်သင်ယူလေ့ကျင့်နေသောသူအပေါ် အားထားမှီခိုနေရခြင်း)

**II. လက်တွေ့ကျင့်ခြင်း- သင်သည် လူ့အသိုင်းအဝိုင်းတခုတွင်နေထိုင်သူသို့မဟုတ် ထိမ်းမြားလက်ထပ် ၍ ဆွေမျိုးတော်ရခြင်း၊ ဇစ်မြစ်နီးစပ်ခြင်းလူစုထဲမှ အဘယ်လူစုကိုပိုင်ဆိုင်သနည်း။ (၅”)**

တစ်ဦးစီတိုင်း- ထင်မြင်ယူဆချက်များအချို့ကိုရေးရန် အချိန်တစ်မိနစ်ယူပါ။

သင်တန်းမှူး- ကျွန်တော်တို့အားလုံးသည် လူစုတစ်စုမဟုတ်လူစုအများ ကို ပိုင်ဆိုင်ကြသည်။ ထိုလူစုများ၏လိုအပ်မှုများမှာ ကွဲပြားခြားနားသည်။ ကျွန်တော်တို့သည် ထို လူစုများ သို့မဟုတ် ထိမ်းမြားလက်ထပ်၍ဆွေမျိုးတော်ရခြင်း၊ ဇစ်မြစ်နီးစပ်ခြင်းလူစုများတို့အား ဘုရားသခင်၏နိုင်ငံတော်အကြောင်းကို သယ်ဆောင်ပေးနိုင်သည်။

**III. လူ့အသိုင်းအဝိုင်းတခုတွင်နေထိုင်သူအတွက် ဘုရားသခင်၏ရှုပါရုံ (၂၀”)**

**က၊ <u>လက်တွေ့ကျင့်ခြင်းဆိုင်ရာသတ်မှတ်ချက်များတွင် လူ့အသိုင်းအဝိုင်းတွင်နေထိုင်သူလူစု အတွက် ဘုရားသခင်၏ရူပါရုံဆိုသည်မှာ အဘယ်နည်း။</u>**

အဖွဲ့ငါးဖွဲ့ ခွဲပါ။ အဖွဲ့တိုင်းအား စက္ကူစာရွက်တစ်ရွက်စီနှင့် ကျမ်းချက် ၂-၃ ချက်ပေးပြီး သူတို့၏ အဖြေများကို မှတ်စေပါ။ ပြီးနောက် စုပေါင်းအဖွဲ့သို့တင်ပြစေပါ။

**တမန်တော် ၂း၄၂-၄၄-** ခရစ်တော်၏နောက်လိုက်များတို့သည် အတူတကွစားသည်၊ ဆုတောင်း သည်၊ လေ့လာသည်၊ မိတ်သဟာယဖွဲ့သည်။

**တိမောတေသြဝါဒစာ ဒုတိယစောင် ၂း၂-** ကတိသစ္စာရှိသူများအား နတ်ကပတော်ကိုသင်ကြားပေး ပါ။ ၎င်းနောက် သူတို့သည် သူတို့လေ့လာသင်ယူခဲ့သည့်အတိုင်း အခြားသူများအားသင်ကြားနိုင် သည်။

**ဆာလံ ၈၂း၃-၄-** အားနည်းသူကို စောင်မကြပါ၊ ဆင်းရဲဒုက္ခရောက်သူများ၏အမှန်ကို ဆက်လက် တည်မြဲစေပါ။

**ရောမ ၁၃း၉-၁၀-** ပညတ်တရားများကိုနာခံသူနှင့် သူတို့နှင့်စပ်ဆိုင်သူကိုချစ်သောသူ

**တမန်တော် ၄း၃၂-၃၅-** သူတို့သည် တစ်ဦးနှင့်တစ်ဦးလိုအပ်မှုများအတွက် စောင်မကြသည်။

**ရောမ ၁၃း၁-** လူတိုင်းသည် အုပ်ချုပ်သောအခွင့်အာဏာရှိသူနှင့် မှန်ကန်သောအရာကိုဆုပ်ကိုင် ထားသည့် အခွင့်အာဏာအားဝန်ခံပါ။

**မဿဲ ၂၅း၃၅၊၃၆-** အဂတ်အချည်းစည်းရှိသူအား အဂတ်နှင့်ဖုံးလွှမ်းစေပါ။ မွတ်တိတ်သူအား ကျွေးကြပါ။ ထောင်ထဲမှာရောက်နေသူထံသို့ သွားလည်ကြပါ။

**လုကာ ၆း၃၅-** ကောင်းသောအမှုကိုပြုပါ။ သင်တို့၏ရန်သူများကို ချစ်ပါ။ ရန်သူတို့ကိုချစ်ကြ လော့။ကျေးဇူးပြုကြလော့။ တစုံတခုကိုရမည်ဟုမျော်လင့်ခြင်းမရှိဘဲချေးငှါးကြပါ။

**ဟေရှာယ ၆၅း၁၇-၂၅-** ၁၇ ဝမ်းမြောက်ကြပါ၊ ရွှင်လန်းကြပါ။ အသက်ငယ်သောသူသေဆုံးခြင်း မရှိ။ အသက်မပြည့်ဘဲ သေသောသူမရှိ။ အိမ်များ၊ စပျစ်ဥယျာဉ်များ၊ အနာဂတ်နှင့် မျော်လင့်ခြင်း နှင့်အတူ ကလေးများ၊ ဘုရားသခင်၊ ငြိမ်သက်ခြင်းနှင့်အတူ ဆက်ဆံခြင်း။

**ခ၊ <u>လူ့အသိုင်းအဝိုင်းတခုတွင်နေထိုင်သူလူစုသည် ဘယ်အချိန်တွင် ဘုရားသခင်၏နိုင်ငံတော်ကဲ့သို့ဖြစ် စေရန် စတင်သနည်း။</u>**

*စုပေါင်းအဖွဲ့အားမေးပါ။ နဂိုးချုပ်အဝိုင်းကို ဝေမျှပါ။*

လူ့အသိုင်းအဝိုင်းတခုတွင်နေထိုင်သူလူစုမှအဖွဲ့သားများတို့သည် ဘုရားသခင်၏အမိန့်တော်များအတိုင်း နှင့် အခြေခံကျသော ဆက်သွယ်မှုလေးခု- *ဘုရားသခင်၊ မိမိကိုယ်မိမိ၊ အခြားသူများနှင့် ဖန်းဆင်း ထားသောအရာ*တို့၌ ညီညွတ်သည့်အတိုင်း ဘုရားသခင်၏အုပ်စိုးမှုအောက်တွင် အသက် ရှင်နေ ထိုင်ရန် ရှာဖွေနေ(သောအချိန်)။

လူ့အသိုင်းအဝိုင်းတွင်နေထိုင်သူလူစုတွင် မူလ၊ရှိရင်း၊အခြေသို့ ပြန်ရောက်စေပြီးသောဆက်သွယ်မှုများနှင့်အတူ သူ၍အသက်ရှင်နေထိုင်လေလေ၊ လူ့အသိုင်းအဝိုင်းတွင်နေထိုင်သူလူစုသည် ဘုရားသခင်၏ရုပ်ပါရုံထဲတွင်ရှိလေလေနှင့် ဘုရားသခင်၏နိုင်ငံတော်ကို သိသာထင်ရှားစေလေလေ ဖြစ် သည်။

**ကိုးကားချက်များ-**

**ရပ်တည်မှု-** သင်တန်းသူ၊သားများတို့သည် လူ့အသိုင်းအဝိုင်းတွင်နေထိုင်သူလူစုသည် အတူတကွနေထိုင်သောသူများထက်သာလိုသည်ကို နားလည်သဘောပေါက်လိမ့်သည်။

**ကျွမ်းကျင်မှု-** သင်တန်းသား၊သူများတို့သည် လူ့အသိုင်းအဝိုင်းတွင်နေထိုင်သူလူစုအား တစ်ဦးကိုတစ်ဦးရှင်းပြနိုင်ပြီး ထိုလူစု၏တစိတ်တပိုင်းအဖြစ် အသက်ရှင်နေနိုင်လိမ့်မည်။

**အကဲဖြတ်ခြင်း-** သင်တန်းသား၊သူများတို့သည် စီမံကိန်းတစ်ခုကိုဆောင်ရွက်သောအခါ လူ့အသိုင်းအဝိုင်းတွင်နေထိုင်သူလူစုထဲရှိအဖွဲ့သားများ၏ပျမ်းမျှကိုရှာပြီး မတူညီသူများ အပါအဝင်ထိုလူစုထဲမှ အများဆုံးပါဝင်စေသည်။ သူတို့သည် အရွယ်အစားသေးငယ်သကဲ့သို့(၅၀၀-၁၀၀၀) စံပြ CHE တစ်နေရာတည်းတွင်နေထိုင်သူလူစုကို ရှုမြင်သည်။

**တန်ဆာပလာများ-** အရွယ်အစားကြီးသောစာရွက်အချပ်များ၊ ဖောင်တိန်များ၊ တိပ်ပြား
- သမ္မာကျမ်းစာများ
- မှတ်စု- ကျမ်းချက်များ

---

ဤသင်ခန်းစာကို IDMM TOT1 တွင်အသုံးပြုသည်။

**လူ့အသိုင်းအဝိုင်းတွင်နေထိုင်သူလူစုအတွက် ဘုရားသခင်၏ရှုပါရုံ- မှတ်စု**

၁) တမန်တော် ၂း၄၂-၄၄

၂ တိမောသေ ၂း၂

၂) ဆာလံ ၈၂း၂-၄

ရောမ ၁၃း၉-၁၀

၃) တမန်တော် ၄း၃၂-၃၅

ရောမ ၁၃း၁

၄) မဿဲ ၂၅း၃၅၊၃၆

လုကာ ၆း၃

၅) ဟေရှာယ ၆၅း၁၇-၂၅

**သမ္မာကျမ်းစာကိုးကားချက်များ-လူ့အသိုင်းအဝိုင်းတွင်နေထိုင်သူလူစုအတွက် ဘုရားသခင်၏ရူပါရုံ**
(သင်တန်းမှူးအတွက်သာ- မှတ်စုအတွက်မဟုတ်)

**တမန်တော်ဝတ္ထု ၂း၄၂-၄၄**
**၄၂** ထိုသူများသည် တမန်တော်တို့၏ဆုံးမဩဝါဒများကိုခံခြင်း၊ အပေါင်းအသင်းဖွဲ့ခြင်း၊ မုန့်ကိုဖဲ့ခြင်း၊ ပဌနာပြုခြင်းတို့ကို အမြဲဆောင်ရွက်၍နေကြ၏။
**၄၃** လူအပေါင်းတို့သည် ကြောက်လန့်ခြင်းရှိသည်ဖြစ်၍ တမန်တော်တို့သည် များစွာသောနိမိတ်လက္ခဏာ၊ အံ့ဖွယ်သောအမှုတို့ကို ပြုကြ၏။
**၄၄** ယုံကြည်သောသူအပေါင်းတို့သည် တစုတဝေးတည်းနေကြသဖြင့်၊ မိမိတို့၌ရှိသမျှကိုဆက်ဆံ၍သုံးဆောင်ကြ၏။

**တိမောသေဩဝါဒစာဒုတိယစောင် ၂း၂**
၂ သက်သေခံအများရှိသည်နှင့် ငါ့ထံ၌ကြားရပြီးသောအရာတို့ကို၊ သစ္စာနှင့်ပြည့်စုံ၍သူတပါးတို့ကို သွန်သင်ခြင်းငှါ၊ တတ်စွမ်းနိုင်သော သူတို့၌အပ်ပေးလော့။

**ဆာလံကျမ်း ၈၂း၂-၄**
၂ သင်တို့သည်မတရားသောသူတို့၏မျက်နှာကိုထောက်၍၊ အဘယ်မျှကာလပတ်လုံး မတရားသဖြင့်စီရင်ကြမည်နည်း။
**၃** ဆင်းရဲသောသူနှင့်မိဘမရှိသောသူတို့ကိုစောင့်မကြလော့။ ငြိုငြင်သောသူနှင့် ငတ်မွတ်သောသူတို့ဘက်၌ တရားစီရင်ကြလော့။
**၄** ဆင်းရဲသောသူနှင့်ငတ်မွတ်သောသူတို့ကို မတရားသောသူတို့၏လက်မှကယ်နှုတ်ကြလော့။

**ရောမဩဝါဒစာ ၁၃း၉-၁၀**
**၉** အကြောင်းမူကား၊ သူ့မယားကိုမပြစ်မှားနှင့်၊ လူအသက်ကိုမသတ်နှင့်၊ သူ့ဥစ္စာကို မခိုးနှင့်၊ မမှန်သောသက်သေကို မခံနှင့်၊ သူ့ဥစ္စာကို တပ်မက်လိုချင်သောစိတ်မရှိနှင့်ဟူသောပညတ်မှစ၍ အခြားသော ပညတ်ရှိသမျှတို့သည်၊ ကိုယ်နှင့်စပ်ဆိုင်သောသူကို ကိုယ်နှင့်အမျှချစ်လော့ဟူသော ပညတ်တစ်ခု၌အပါအဝင်ဖြစ်ကြ၏။
**၁၀** ချစ်ခြင်းမေတ္တာရှိသောသူသည် ကိုယ်နှင့်စပ်ဆိုင်သော သူ၏အကျိုးကိုမဖျက်ဆီးတတ်။ ထို့ကြောင့် ချစ်ခြင်းမေတ္တာသည် အကျင့်တရားပြည့်စုံရာဖြစ်သတည်း။

**တမန်တော်ဝတ္ထု ၄း၃၂-၃၅**
**၃၂** ယုံကြည်သောသူအပေါင်းတို့သည်စိတ်နှလုံးတညီတညွတ်တည်းရှိကြ၍၊ အဘယ်သူမျှမိမိဥစ္စာတစုံတခု ကို ငါ့ဥစ္စာဟူ၍မဆိုဘဲလျက်၊ ရှိသမျှသောဥစ္စာတို့ကိုဆက်ဆံသဖြင့်သုံးဆောင်ကြ၏။
**၃၃** သခင်ယေရှုထမြောက်ခြင်းအကြောင်းကို တမန်တော်တို့သည်ကြီးသောတန်ခိုးနှင့်သက်သေခံ၍၊ ထိုသူအပေါင်းတို့သည်ကြီးသောကျေးဇူးတော်နှင့်ပြည့်စုံကြ၏။

**၃၄** ထိုသူတို့တွင် ဆင်းရဲသောသူတယောက်မျှမရှိ။ အကြောင်းမူကား၊ အိမ်၊ မြေကွက်ကိုပိုင်သောသူရှိသမျှ
တို့သည် ရောင်းပြီးလျှင်၊ ရသောအဘိုးကိုယူဆောင်ခဲ့၍၊
**၃၅** တမန်တော်တို့၏ခြေရင်း၌ထားကြသဖြင့်၊ လူများဆင်းရဲသည်အတိုင်းအသီးအသီးတို့အားဝေ၄ ပေး
ကမ်းကြ၏။

**ရောမသြဝါဒစာ ၁၃း၁**

**၁** အစိုးရသော မင်းအာဏာစက်၏ အုပ်စိုးခြင်းကို လူတိုင်းဝန်ခံစေ။ အကြောင်းမူကား၊ ဘုရားသခင်၏အခွင့်
မရှိလျှင်၊ မင်းအာဏာစက်မရှိ။ အာဏာစက်ရှိသမျှသည် ဘုရားသခင်ခန့်ထားတော်မူရာ ဖြစ်သတည်း။

**ရှင်မဿဲခရစ်ဝင် ၂၅း၃၅-၃၆**

**၃၅** အကြောင်းမူကား၊ ငါသည်မွတ်သိပ်သောအခါ သင်တို့သည် ကျွေးကြ၏။ ငါသည်ရေငတ်သောအခါ
သင်တို့သည် သောက်ဘို့ပေးကြ၏။ ငါသည်ဧည့်သည်ဖြစ်သောအခါသင်တို့သည် ဧည့်ဝတ်ကိုပြုကြ၏။
**၃၆** ငါသည်အဝတ်အချည်းစည်း ရှိသောအခါ သင်တို့သည်အဝတ်နှင့်ဖုံးလွှမ်းကြ၏။ ငါသည်အနာရောဂါ စွဲသော
အခါသင်တို့သည်ကြည့်ရှုပြုစုကြ၏။ ငါသည်ထောင်ထဲမှာနေရသောအခါ သင်တို့သည်ငါ့ထံသို့
လာကြ၏ဟုမိန့်တော်မူလျှင်၊

**ရှင်လုကာခရစ်ဝင် ၆း၃၅**

**၃၅** သင်တို့မူကား ရန်သူတို့ကိုချစ်ကြလော့။ကျေးဇူးပြုကြလော့။တစုံတခုကိုရမည်ဟုမျှော်လင့်ခြင်းမရှိဘဲ
ချေးငှါးကြလော့။ထိုသို့ပြုလျှင် သင်တို့အကျိုးကြီးလိမ့်မည်။အမြင့်ဆုံးသောဘုရား၏သားဖြစ်ကြလိမ့်မည်။

**ဟေရှာယအနာဂတ္တိကျမ်း ၆၅း၁၇-၂၅**

**၁၇** ကြည့်ရှုလော့။ မိုးယံကောင်းကင်သစ်နှင့်မြေကြီးသစ်ကိုငါဖန်ဆင်းမည်။ အရင်မိုးယံကောင်းကင်နှင့်
မြေကြီးကို မအောက်မေ့ရ။ နှလုံးမမှတ်မိရ။
**၁၈** ငါဖန်ဆင်းလတ္တံ့သော အရာကြောင့်၊ သင်တို့သည်အစဉ်အမြဲဝမ်းမြောက်ရွှင်လန်းကြလိမ့်မည်။ ယေရု
ရှလင်မြို့ကိုဝမ်းမြောက်စရာအကြောင်း၊ မြို့သားတို့ကိုရွှင်လန်းစွာအကြောင်းဖြစ်စေခြင်းငှါ ငါဖန်ဆင်း ၏။
**၁၉** ငါသည်လည်း၊ ယေရုရှလင်မြို့ကြောင့်ဝမ်းမြောက်မည်။ငါ၏လူတို့ကြောင့် ရွှင်လန်းမည်။ ထိုမြို့၌ငိုကြွေး
သံနှင့် အော်ဟစ်သံကို နောက်တဖန်မကြားရ။
**၂၀** ထိုမြို့၌အသက်ငယ်သောသူငယ်မရှိရ။အသက်မပြည့်စုံသောလူအိုလည်းမရှိရ။အသက်တရားရှိလျက်
သေသောသူကိုသူငယ်ဟူ၍မှတ်ရ၏။ အပြစ်ရှိသောသူသည် အသက်တရာရှိလျက်သေလျှင်၊ ကျိန်ခြင်းကို
ခံရသောသူဟူ၍မှတ်ရ၏။
**၂၁** ထိုသူတို့သည်ကိုယ်ဆောက်သောအိမ်၌ နေကြလိမ့်မည်။ ကိုယ်စိုက်သောစပျစ်ဥယျာဉ်အသီးကိုစားကြ
လိမ့်မည်။
**၂၂** သူတို့သည်အိမ်ကိုဆောက်၍အခြားသောသူနေရမည်မဟုတ်။ သူတို့သည်စပျစ်ဥယျာဉ်ကိုစိုက်၍
အခြားသောသူစားရမည်မဟုတ်။ ငါ၏လူတို့အသက်သည် သစ်ပင်၏အသက်ကဲ့သို့ဖြစ်၍၊သူတို့သည် ကိုယ်
ပြုစုသောအရာကို ကြာမြင့်စွာသုံးဆောင်ကြရလိမ့်မည်။

**၂၃** ငါရွေးကောက်သောသူတို့သည် အချည်းနှီးမလုပ်မဆောင်ရကြ။ အသက်တိုသောသားကို မဖွားမမြင် ရကြ။ ကိုယ်တိုင်မှစ၍ အမျိုးအနွယ်တို့သည်၊ထာဝရဘုရားပေးတော်မူသောကောင်းကြီးမင်္ဂလာကို ခံရသောသူဖြစ်ကြလိမ့်မည်။

**၂၄** ငါသည် သူတို့မခေါ်မှီကပင်ထူးမည်။ လျှောက်စဉ်တွင်ပင် ငါနားထောင်မည်။

**၂၅** တောခွေးနှင့်သိုးသငယ်တို့သည်အတူကျက်စားကြလိမ့်မည်။ ခြင်္သေ့သည်နွားကဲ့သို့မြက်ကိုစားလိမ့်မည်။ မြွေမူကား၊ မြေမှုန့်ကိုသာစားရမည်။ ငါ၏သန့်ရှင်းသောတောင်တပြင်လုံး၌အချင်းချင်းညှင်းဆဲခြင်း၊ ဖျက်ဆီးခြင်းကိုမပြုရကြဟု ထာဝရဘုရားမိန့်တော်မူ၏။